၂၀၁၈ ခုနှစ်
တက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

မြန်မာစာ ခွင့်ပြုချိန်(၃)နာရီ

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါတို့အနက် တစ်ခု အကြောင်းကို ဖော်ပြပါ။ (၅မှတ်)
ကျောက်စာ၊ သပြောင်းလဲပုံ၊ လူပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ၊ ပယတ်(၄)မျိုး၊ သမ္မန္ဓ။

(ခ) အောက်ပါတို့မှ လေးခု ကိုရွေးချယ်၍ အနက်အဓိပ္ပာယ်အရမည်သည့်ကြိယာဖြစ်ကြောင်းဖော်ပြပါ။ (၄မှတ်)
ဖြစ်၊ ပျော်၊ ရှိ၊ ရေး၊ နီ၊ ပြော။

(ဂ) အောက်ပါတို့မှ သုံးခုကို သချိုးနာမ်စားအဖြစ်ဝါကျတွင်သုံးပြပါ။ (၆မှတ်)
ငါးခု၊ အားလုံး၊ သုံးစင်း၊ အနည်းငယ်၊ အချို့။

၂။ (က) အောက်ပါဝေါဟာရတို့အနက် ငါးခု ၏အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ (၅မှတ်)
သီတင်းသုံး၊ လက်ရေး၊ ရယ်ခိုး၊ သွန်းသွန်း၊ သဘင်၊ ထောင်းထောင်း၊ ကျတ်တွင်း၊ ခန်းဝါ။

(ခ) အောက်ပါဝေါဟာရတို့အနက် ငါးခုကို ဝါကျအသီးသီးတွင်သုံးပြပါ။ (၅မှတ်)
လုံ့လ၊ သတ္တိ၊ ပလွှား၊ ပျာယီးပျာယာ၊ မာန်မာန၊ တစ်ခဲနက်၊ ကျိကျိတက်၊ ချက်ကောင်း။

(ဂ) အောက်ပါအလင်္ကာတို့အနက် ငါးခု ကို သင်္ဆိုင်ရာသင်ခန်းစာများတွင် မည်သို့သုံးထားကြောင်းနှင့် အဘယ်ကြောင့် ထိုအလင်္ကာမြောက်ကြောင်းရှင်းပြပါ။ (၁၀မှတ်)
ခံတွင်းမဲ့သို့(ဥပမာ)၊ ထီးလိုအုပ်(ဥပမာ)၊ မျက်နှာငွေလ(ရူပက)၊ တဏှာဝန်(ရူပက)၊ အိုးစားဖက်(ဝဏ်ဝုတ္တိ)၊ ခန္ဓာစဲ(ဝဏ်ဝုတ္တိ)၊ သွေးချောင်းကျ(အတိသယဝုတ္တိ)၊ ဝုန်းခနဲ(မြည်သံစွဲ)။

၃။ (က) အောက်ပါတို့မှ ငါးခု ကိုဖြေပါ။ (၅မှတ်)
(၁) ပုပ္ပါးတောင်ကိုအဘယ်ကြောင့်ရွှေတောင်ကြီးဟုခေါ်ရသနည်း။
(၂) မြင်စိုင်းရွှေပြည်ကဗျာ၏စာဆိုအမည်ကိုဖော်ပြပါ။
(၃) အဲချင်းဆိုသည်မှာအဘယ်နည်း။
(၄) ဦးတိုး၏ဇာတိကိုဖော်ပြပါ။
(၅) အချုပ်တန်းဆရာဖေနှင့်အမည်တူစာဆိုကိုဖော်ပြပါ။
(၆) သင်သေသွားသော်ကဗျာကိုမည်သည့်ခေတ်ကရေးသားခဲ့သနည်း။
(၇) တေးထပ်တွင်ပိုဒ်ရေမည်မျှပါသနည်း။
(၈) ဝန်ကြီးပဒေသရာဇာရေးဖွဲ့ခဲ့သောတျာချင်းများကိုဖော်ပြပါ။

(ခ) "နှင်းကိုမြင်ခိုက်" ကဗျာမှရရှိသည့်ကောင်းမြတ်သောစိတ်ဓာတ်ကိုဖော်ပြပါ။ (၁၀မှတ်)

(သို့မဟုတ်)

"တောင်သူကြီး"ကဗျာမှ တောင်သူကြီး၏အားမာန်ကိုပေါ်လွင်အောင်သရုပ်ဖော်ပါ။

[တစ်ဖက်သို့

၄။ (က) အောက်ပါတို့မှ ငါးခု ကို ဖြေပါ။ (၅မှတ်)

(၁) မဟာရာဇဝင်ကြီးကိုမည်သည့်မင်းလက်ထက်ကရေးသားခဲ့သနည်း။

(၂) ဦးဩဘာသဇယ်စဉ်ကမည်သည့်ဆရာတော်ထံပညာဆည်းပူးခဲ့သနည်း။

(၃) ဦးပုည၏ငယ်အမည်ကိုဖော်ပြပါ။

(၄) ပါမောက္ခဦးစံမောင်သည် မည်သည့်စာပေလှုပ်ရှားမှုကိုဦးဆောင်ခဲ့သနည်း။

(၅) တိုက်စိုး၏စာများမှ(၃)မျိုးကိုဖော်ပြပါ။

(၆) စီးချင်းတိုက်ပွဲစကားပြေကိုမည်သူရေးသားခဲ့သနည်း။

(၇) အိမ်ရှေ့.ကိုယ်တော်ကြီးမှာမည်သူဖြစ်သနည်း။

(၈) ဝါကျလက်သမား၏အလုပ်မှာအဘယ်နည်း။

(ခ) "မိဖုရားဖွားစော"ကျောက်စာမှအလှူရှင်၏ကောင်းမှုနှင့်စိတ်နေသဘောထားကိုလေ့လာတင်ပြပါ။ (၁၀မှတ်)

(သို့မဟုတ်)

"မိတဆိုးရှင်ပြု" စကားပြေမှ ခံစားရသောရသများကိုဖော်ပြပါ။

၅။ (က) စကားစပ်နှင့်တကွ ရှင်းပြပါ။ (၇မှတ်)

"ပဲစိတစ်ဝက်၊ ပြောင်းတစ်ဝက်နှင့်၊ ဆန်ပြက်သိကာ၊ ပါကောင်းလို့
ပါတော့တယ်။ ဟင်းလျာကပီလော၊ လည်ချောင်းကိုမြေလှန်၊ ဂလုံဆန်အောင်၊
စုံကန်လို့မျှောရတယ်။"

(ခ) ရေသည်ယောကျ်ား၏စိတ်ထား (သို့မဟုတ်) ရေသည်မိန်းမရေရောင်းထွက်လာပုံကိုသင့်စကားဖြင့်ရေးပါ။ (၈မှတ်)

၆။ အောက်ပါတို့အနက် တစ်ခုကို ပေးထားသော ပုံကြမ်းနှင့်အညီ စာစီကုံးပါ။ (အမှတ်၂၀)

(က) ငွေနှင်းမှုန်မှုန်

မိုးကုန်၍ဆောင်းဝင်လာပုံ၊ ငွေနှင်းများကျဆင်းနေပုံ၊ သဘာဝပတ်ဝန်းကျင်ရှုခင်း၊ ငှက်များ၊ပန်းများ၊လူသားများ၏လှုပ်ရှားမှု၊ အတွေးအမြင်နှင့်ခံစားချက်။

(ခ) ဝါသနာ

ဝါသနာဟူသည်၊ လူတို့တွင်ဝါသနာအမျိုးမျိုးရှိပုံ၊ ဝါသနာကြောင့်စိတ်ပျော်ရွှင်ကြရပုံ၊ ကောင်းကျိုးပေးသောဝါသနာနှင့်ဆိုးကျိုးပေးသောဝါသနာ၊ ဝါသနာကောင်းမွေးရန်အားထုတ်သင့်ပုံ။

(ဂ) လူမှုဆက်ဆံရေး

လူမှုဆက်ဆံရေးတွင်ကိုယ်နှုတ်အမူအရာအရေးကြီးပုံ၊ လူကြီးမိဘဆရာသမားများနှင့်အချင်းချင်းဆက်ဆံရာတွင်ယဉ်ကျေးသိမ်မွေ့ရန်လိုအပ်ပုံ၊ လူမှုဆက်ဆံရေးဆိုင်ရာစကားပုံဆိုရိုးများ၊ ကောင်းကျိုးဆိုးကျိုးသာဓကများနှင့်မိမိအမြင်သုံးသပ်ချက်များ။